ရွှေပဒေသာစာပေ

# ကြယ်စင်မှူးမေ

## အမုန်းတစ်ရစ်-အချစ်မြစ်ဖျား



( အချစ်လုံးချင်းဝတ္ထုသစ် )

# အခန်း (၁)

ပန်းနုမေနှင့် ပန်းယွန်းမိုရ်…

ရွာသူတစ်ယောက်အနေနဲ့ သည် နာမည်တွေဟာ ခေတ်ဆန်နေကောင်းနေမှာ ပေမယ့် အင်တာ နက်ခေတ်၊ သတင်းခေတ်ကြီးထဲမှာတော့ မဆန်း။

ကျေးရွာတွေမှာ အောင်ဘုတို့ ၊ ချက်စူတို့ ၊ အေးသာတို့ ၊ သာဂိတို့ ခေတ်ကုန်ပြီ။

ပြောင်းလဲခြင်းများ စွာထဲမှာ ကျေးလက်က နာမည်တွေလည်း ပြောင်းကုန်ပြီပေါ့။

နောက်ထပ် ပြောင်းလဲခြင်းကတော့ ကိုယ့်ရွာမှ အဆက်အနွယ်တွေဟာ ကိုယ့်ရပ်၊ ကိုယ့်ဒေသ ကို ပြန်ပြီး လှူကြတန်းကြ အကျိုးပြုကြတာပါပဲ။

ကောင်းတာပေါ့။ ရွာကလူတွေ များများကြီးပွားတိုးတက်ကြပါစေ။ ဒါမှ ကိုယ့်ရွာကို ပြန်ပြီး အကျိုးပြုကြ၊ ကြည့်ကြတာလေ။

ယခုဆို ရွာမှာ ကိုယ်ထူကိုယ်ထကျောင်းတွေ၊ စာကြည့်တိုက်တွေ၊ အလှူရှင်တွေ လာလှူ သည့် ဆေးခန်းတွေ၊ လမ်းတွေဆိုတာ လက်ညှိုးထိုးမလွဲ။

ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာ ဖြစ်လာသလိုပဲ။ ပန်းယွန်းမိုရ် တို့ ရွာ

ဟာလည်း ရွာကြီးတစ်ရွာ ဖြစ်လာခဲ့ပါသည် ။

အ.ထ.က (ခွဲ) ကျောင်း၊ ကျန်းမာရေးမှူးရှိသည့် ဆေးခန်း၊ ဈေးသေးသေး၊ စာကြည့်တိုက် ပြည့်စုံကုံလုံသော ကျေးရွာကြီးရဲ့ အဆင်တန်ဆာ။

သူမတို့ ရွာသားတွေ အထူးပျော်နေကြတာကတော့ ရွာဦးကျောင်းဆရာတော်၏ ကျောင်းမှာ ရှင်အပါး(၄၀) လာပြီး ရှင်ပြုကြမှာ မို့ပါပဲ။

ရွာထဲက ရှင်မပြုနိုင်သည့် ကလေးတွေကို စုပေါင်းပြီး ရှင်ပြုပေးမည့် သူဌေးက သည် ရွာရဲ့ အဆက်အနွယ်တဲ့ ။

လွန်ခဲ့သော နှစ်ပေါင်းများ စွာက သည် ရွာမှ ထွက်သွားကြသူတွေ ကြီးပွားချမ်းသာပြီး ရွာပြန် အလှူအတန်း လုပ်ကြခြင်းပါပေ။

သူဌေးအမည်က ဦးစည်သဒ်ါတဲ့ ။ နာမည်ကလည်း အထူးအဆန်း။ လူကတော့ အလှူမဝင် မီနေ့ကျမှ လာမည်တဲ့ ။

ပန်းနုမေနှင့် ပန်းယွန်းမိုရ်တို့ ညီအစ်မလို ရွာရဲ့ ကာလသမီး၊ ကာလသားတွေကတော့ လုပ်စရာရှိတာတွေကို ကြိုတင်ပြီး လုပ်ထားကြရပါသည် ။

သူဌေး ဦးစည်သဒ်ါရဲ့ ဆွေမျိုးနီးစပ်တော်သည့် အရီးသောင်းက ရွာမှာ ကမကထပြုပြီး လုပ်သင့်လုပ်ထိုက်တာ မှန်သမျှ ဆရာတော်နှင့်ပေါင်းပြီး လုပ်ဆောင်နေကြတာ။

အရီးသောင်း၏ အိမ်ရှေ့မှာ ပဲ မဏ္ဍပ်တွေထိုးကြ၊ ထမင်းစားရုံတွေ ဆောက်ကြသည် ။ တကယ့်ကို ပျော်စရာကြီးပါပဲ။

ပန်းနုမေဟာ အရီးသောင်းရဲ့ လယ်ယာကိုင်းကျွန်းတွေမှာ ပင်တိုင်အလုပ်လုပ်သည့် အလုပ် သမလေးတစ်ယောက်မို့ သည် အိမ်ရဲ့ အလှူဝေယျာဝစ္စတွေမှာ ထဲထဲဝင်ဝင် လုပ်နေရသည် ။

ရွာလေး၊ ရွာထုံးစံအရလည်း သာရေးနာရေး အလှူရှိသမျှ ကာလသမီး၊ ကာလသားတို့ ဝိုင်းကူညီကြစမြဲပါ။

ယခုကတော့ အထူးပေါ့။

ပန်းယွန်းမိုရ်ကတော့ သည် နှစ်မှာ ပင် (၁၀)တန်းကို ဂုဏ်ထူး(၄)ခုနှင့် အောင်ထားပြီး ရွာကျောင်းမှာ လုပ်အားပေးနေသူလေးပါ။ စေတနာဆရာမလေးပေါ့။

ညီအစ်မနှစ်ယောက်လုံး ရုပ်ရည်လေးတွေ ဖြူဖြူစင်စင်၊ သနားကမားလေးတွေ ဖြစ်ကြ ပေမယ့် ဘဝတွေကတော့ ကြမ်းမှ ကြမ်း။

ဖခင်က ရောဂါသည် ... မိထွေးက နှစ်လုံး၊ သုံးလုံးကို အသေဝါသနာပါသည့် လောင်း ကစားသမား။ ပန်းနုမေ ဘယ်လောက်ပင် အလုပ်လုပ်လုပ် ဘယ်တော့မှ လူမွေးလူရောင်မပြောင်။

လုပ်ကိုင်ရသရွေ့ မိထွေးကို အပ်ရသည် ။ အပ်ရပေမယ့် ထမင်းနပ်မှန်အောင်စားရဖို့ မသေ ချာ။ ရသမျှပိုက်ဆံ နှစ်လုံး သုံးလုံး ထိုးပစ်တာချည်း။ သည် တော့ အကြွေးက ဒလပေ။

တစ်နေ့ ... တစ်နေ့ အိမ်မှာ တဆူဆူ။ ဟိုလူ့မာန်၊ သည် လူ့ရမ်းနှင့်။ သူမတို့ အိမ်ဟာ မေမေဆုံးပါးသွားကတည်းက ကျက်သရေမင်္ဂလာ မရှိတော့တာပါ။

သည် တော့ ပန်းနုမေခင်မျာ အရီးသောင်းရဲ့ အိမ်မှာ အလုပ်ပင်တိုင်ဆင်းရင်း အလုပ်လုပ် သည့် စက်ရုပ်ကလေး ဖြစ်ခဲ့ရတာ။ သူမ ရွာကျောင်းမှာ (၈)တန်းအောင်ပြီးကတည်းက မေမေ သေဆုံးကတည်းက ဆိုပါတော့။

အရီးသောင်းကပဲ သူမ၏ စားရေး၊ ဝတ်ရေးတို့ ကို အမြင်မတော်လို့

တာဝန်ယူထားရသည့် အဖြစ်။

ပန်းယွန်းမိုရ် လက်ထက်မှာ တော့ ရွာကျောင်းက (၁၀)တန်းအထိ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပြီမို့ သည် လိုပဲ ကုပ်ကုပ်ကပ်ကပ်နှင့် (၁၀)တန်း အောင်ခဲ့ရပါသည် ။

(၁၀)တန်းအောင်ပြီးတော့ အဝေးသင်ပဲ တက်ရမှာ ပေါ့။ ဒါတောင် အရီးသောင်း အားပေး လို့ သာ။

"အဝေးသင်လောက်တော့ တက်ပေါ့။ အရီးသောင်းပေးမယ်။ ပညာ ဒါန လုပ်မယ်"

ယခုတော့ ပန်းယွန်းမိုရ်ဟာလည်း လယ်ပိုင်ရှင်၊ ယာပိုင်ရှင်ကြီး အ ရီးသောင်းရဲ့ အိမ်မှာ ပဲ ဒိုင်အိပ်၊ ဒိုင်စား အလုပ်လုပ်ပေါ့။

ကောက်စိုက်ချိန် ကောက်စိုက်၊ ပဲကောက်ချိန် ပဲကောက်။ ရသမျှ လု ပ်အားခကိုတော့ ဖေဖေနှင့် မိထွေးကို ပေးရသည် ။ သူတို့ ကလည်း ပေး မလောက်။ ကြိုတင်ငွေဆိုပြီး ရွာရိုးလျှောက်ယူ တတ်သည့် မိထွေးကြော င့် မြွေပူရာကင်းမှောင့်။ တော်တော် ဒုက္ခရောက်ရပါသေးသည် ။

ရွာမှာ အလုပ်ပူချိန်ဆို အလုပ်သမားတွေခမျာ လက်မလည်ရ။ မ အားရပါ။

ပန်းနုမေတို့ ညီအစ်မက ကျေးဇူးသိတတ်ပါသည် ။ အရီးသောင်း၏ လယ်၊ ကိုင်းကိုပဲ ပင်တိုင်လုပ်ကိုင်ပေးကြပါသည် ။ ပြောရလျှင် လူရင်း တွေပေါ့။

သို့ပေမယ့် သူမတို့ ရဲ့ မိထွေးတော် ဂေါတမီက ဟိုလယ်ရှင်ထံ သွား ငွေကြိုယူလိုက်၊ သည့် လယ် ရှင်ထံသွားပြီး ငွေကြိုယူလိုက်နှင့် ပြဿနာ အမြဲ တက်ရသည် ။

သူမတို့ ကိုလည်း ဒေါ်သောင်း၏ လက်ကိုင်တုတ်တွေ၊ ပုဆိန်ရိုးတွေ တဲ့ ။

“တစ်လက်ကိုင်၊ တစ်ပါးကျွန်းတွေ … သွားမခေါ်နဲ့ ”

အရီးသောင်းကတော့ ရှင်းရှင်းပဲ။ တစ်ရွာလုံးကို စိန်ခေါ်ပစ်တာပဲ။ သူက ရွှာမိရွာဖမို့ မျက်နှာလည်း ကြီးသည် လေ။

“ဟော့ … ဒါ … ငါ့ဝမ်းမနာသမီးတွေလို ငါက သဘောထားတာ။ သူ့ မိထွေးလက်မှာ ဆို ပန်းကောင်းအညွန့်ကျိုးဖြစ်ပြီး မွှန်စား၊ မြှုက်စားခံရ မှာ ။ ငါက ခိုင်းရုံတင် မဟုတ်ဘူး ။ စောင့်လည်း စောင့်ရှောက်တယ်။ ကျွေးလည်း ကျွေး၊ ဆင်လည်း ဆင်တယ်။ သူတို့ လိမ္မာရင် အမွေတောင် ပေးဦး မှာ ။ အိမ်ထောင်ရက်သားလည်း သင့်တော်တဲ့ သူနဲ့ ချပေးမှာ ။ သူခိုး၊ ဘိန်းစား၊ ထန်းရေသမား တွေ ငါ့သမီးနှစ်ယောက် အနားကပ်ဖို့ မစဉ်းစားနဲ့ ”

ပြောသည့်အတိုင်းလည်း ပန်းနုမေတို့ ညီအစ်မကို သဘောထားရာ သည့် အရီးသောင်းဟာ မုဆိုးမကြီးသမီး၊ မြေးတွေနှင့် နေရသူပါ။

*

# အခန်း (၂)

ဦးစည်သန်ါ ...

အသက်က (၃၅)လောက်ပေမယ့် လုပ်ငန်းကြီးတွေ ဦးဆောင်ပြီး အလုပ်တွေလုပ်ရလွန်းလို့ လူက ရင့်ရော်နေသလားမသိ။

သူများ သူဌေးတွေလို ပေါ့ပေါ့နေ၊ ပေါ့ပေါ့သုံးပြီး KTV တွေ၊ မာဆတ်တွေ သွားနိုင်ဖို့ နေနေသာသာ ဆောက်လုပ်ရေးဆိုက်တွေထဲ ကိုယ်တိုင်သွားပြီး ကြီးကြပ်ရ၊ စောင့်ကြည့်ရ၊ လုပ်ကိုင် ရနှင့် တကယ့်ကိုမစားသာ ။

သည် ကြားထဲ မိန်းမဆုံးသွားတာ (၁)နှစ်ပင်မပြည့်သေး။ သူ့ကို လိုချင်သူတွေဆိုတာ အပျို တွေ၊ တစ်ခုလပ်တွေ၊ မုဆိုးမတွေ အိမ်ပေါ်မှ ... အဲ အလုပ်ထဲမှာ ပါ ခြေချင်းလိမ်လို့ ။

တော်ပါပြီနော်။ လူကိုမခင်၊ ငွေကိုခင်သည့် မငွေခင်တွေဆိုတာ အသိသာကြီး။

ဆေးဆိုးပန်းရိုက် မျက်နှာတွေနှင့် ရင်ထဲမှာ အသည်းဗလာ၊ ညှာတာမှုဆိုတာ ဝေးလာဝေး။

ပထမ တစ်ယောက်တုန်းကလည်း အချစ်မှား၊ အတွက်မှားပြီး အိမ်ထောင်ရေးမှာ စိတ်မချမ်း သာခဲ့ရ။ သမီးလေး၏ မျက်နှာကိုငဲ့ပြီး သေမှကွဲတော့မည်ဟု ကြိတ်မှိတ်ပေါင်းနေခဲ့ရစဉ် မရွှေ အထက်တန်းစားကြီး

သူငယ်ချင်းတွေနှင့် ပျော်ပွဲစားထွက်ရင်း ကားအက်ဆီးဒင့်ဖြစ်ခါ သေဆုံးသွား ခဲ့ရသည် ။

လွတ်လပ်ပေါ့ပါးသည့် အရသာကိုခံစားရင်း စီးပွားတွေ ကျိုးရှာနေရခိုက် သူ့လို ငွေလုပ်စက် ကြီးကို လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေကြပြန်ရာ။

ကိုယ့်ကိုယ်ကိုယ် အိမ်ထောင်ရေး ဆူဆိုက် လုပ်ပစ်ရတော့မလို။

အင်း ... သည် တစ်ခါ သူအိမ်ထောင်ပြုရင်တော့ သူက ငါးခြောက်ဆို ဖုတ်ပြီးသား၊ ရေဆို ခပ်ပြီးသား၊ ဖိနပ်ဆို ကြိုးချည်ပေးမည့် အရာရာ မီးသေနေသည့် မိန်းကလေးမျိုးကိုမှ ယူမည်။

သူ့ရဲ့ ပထမအိမ်ထောင်ဟာ သူဌေးသမီး၊ ဆိုရှယ်ကျကျ၊ ခေတ်လွန်ဒီဇိုင်းနှင့် အင်တာနေရှင် နယ် မမ။ မိဘတွေကအစ နိုင်ငံခြားနှင့် ကူးချည်သန်းချည်။

သည် တစ်ခါကျရင်တော့ သူယူမည့် မိန်းကလေးဟာ ...

(၁) ကျေးတောသူ၊ သဘောဖြူ၊ အူစင်းလေး ဖြစ်ရမည်။

(၂) ရုပ်ရည်လှပပြီး ကျန်းမာရေးကောင်းရမည်။ (ဆေးလက်မှတ်တွေ၊ ဘာတွေ တောင်း ကြည့်ဦးမည်။)

(၃) ပညာကလည်း စာရေးတတ်၊ ဖတ်တတ်ရင်တော်ပြီ။ (ပညာများများ တတ်သည့် မိန်းမများ ဟာ ယောကျ်ားကို ဆရာလုပ်လွန်း၊ ဩဇာပေးလွန်းလို့ ပါ။)

ဒါမှ မြင်းအုန်းခွံ။

ကျွန် ... ကုလား။

"မယား တောသူ" ဆိုသည့် စာဆိုနှင့် ညီမှာ ။

ယခုဆို သူ့အိမ်မှာ ဆွေတော်ရှစ်သောင်း၊ မျိုးတော်ရှစ်သောင်းတွေကလည်း လာပြီးမင်းမူ လို့ ။

မိန်းမဘက်က ညီမနှစ်ယောက်ကလည်း အိမ်ပေါ်မှ မဆင်း။ ကြာရင်သူ လုံးပါးပါးတော့မှာ ။

သမီးလေးကလည်း (၅) နှစ်အရွယ် ရောက် လာပြီမို့ ကျောင်းတွေဘာတွေပင် စထားပြီ။

သည် တော့ ကိုယ့်ရွာကိုယ်ပြန်ပြီး အလုပ်လုပ်ရင်း သူတစ်ချက်ခုတ်နှစ်ချက်ပြတ် ကုသိုလ် လည်း ရ၊ ကြင်ရာလည်း ရအောင်ရှာပုံတော်ဖွင့်ကြည့်ရပါတော့မည်။

သူ့အလုပ်သို့ သူ့အိမ်သားတွေက စုံအောင်မလိုက်ကြ။ တောမို့ ခြင်ကိုက်သည် ၊ အိုက်သည် ၊ ဖုန်ထူသည် ဆိုပြီးတော့ပေ့ါလေ။

တကယ်ကျ ချမ်းအေးလှတဲ့ အညာဆောင်းဦးဟာ သာသာယာယာပါ ။

သစ်ရွက်တွေ၊ တောအုပ်တွေလည်း စိမ်းတုန်းစိုတုန်း။

ချောင်းကလေးတွေကလည်း စီးတုန်းဆင်းတုန်း။

တောင်ရိပ်၊ တောရိပ်နှင့် ရွာကလေးမို့ သာသာယာယာ ဘယ်သူမှ မလိုက်လည်း အေးတာပဲ။

သူကလည်း အဆင်ပြေလျှင် အိမ်ထောင်ရက်သားပါ ကျပစ်လိုက်မည့်သူမို့ ဘယ်သူမှ မပါလေ ကောင်းလေ။ သူ့အိမ်ပေါ်မှာ သူ့ကို လင်းတတွေလို လာစောင့်နေသည့် ခယ်မနှစ်ယောက်ကိုရော အလုပ်ထဲမှ မိန်း

ကလေးတွေ၊ လူကုံထန် အသိုင်းအဝိုင်းက ဆေးဆိုးပန်းရိုက်၊ ကွန်ပျူတာဦးနှောက် ပိုင်ရှင်တွေကို အော်ဂလီဆန်လှပါပြီ။

ရူးသွားတယ် လို့ ပဲပြောပြော ...

(၂၁)ရာစုရဲ့ ခေတ်ပေါ်ရုပ်ဝတ္ထုတွေထဲ သူကိုယ်တိုင် ပါဝင်စီးမျောနေရပေမယ့် အိမ်ပြန် ရောက်တဲ့ အခါ ...

ကျေးတောသူ ချစ်ဇနီးလေးရဲ့ သနပ်ခါးပါးကွက်ကြား မျက်နှာလေးကို မွေးမည်။ ရိုးရိုးလေး ဆင်ယင်ထုံးဖွဲ့ထားမည့် သဘောဖြူစံပယ်လေးဟာ သူ့ရဲ့ သီးသန့်ဘဝထဲက ရှင်ဖွေးတုတ်ပေ့ါ။

အဆင်ပြေမှ ပါ။

သူ့စိတ်ထဲလည်း ညွတ်နူးမှ ကြင်ရာရှာမှာ ပါ။ အသည်းအသန်၊ ခေါင်းကိုက်၊ ဗိုက်နာသလို မျိုးလည်း အရေးတကြီးမလုပ်ပါဘူး။

တော်ကြာ အမှားတွေ့နေမှ ဖြင့် အခက်။

စည်သင်္ခါရဲ့ နောက်သို့ ပါလာတာ သူ့တပည့်နှစ်ယောက်သာ။ ပေါက်စီနှင့် ကျော်ထင်။ နှစ်ယောက်လုံး ဒီရွာသားတွေပါ။ သူအားကိုးရတဲ့ လက်ရုံးတွေ။

ကားကို သူတို့ နှစ်ယောက် တစ်လှည့်စီမောင်းရင်း ရန်ကုန်မှ ထွက်လာခဲ့ကြတာ နားနား နေနေ။ ညနေ (၅) နာရီလောက်မှ ရွာကို လှမ်းမြင်ရသည် ။

မနက်ဖြန် အလှူအစနေ့။ ရှင်လောင်းလှည့်မည်။ ပွဲရှိသည် ။ သူတို့ရွာတွေဟာ ပွဲငတ်ကြတာမို့ အားလုံး တောင်းဆိုနေကြသည့် ဖိုက်စတားအဖွဲ့ကို သူ ငှားပေးထားပါသည် ။

တော်တော် စည်ကားမှာ ပါပဲ။ ရွာနီးချုပ်စပ် လာကြည့်ကြမှာ ပေ့ါ။

ဘဝမှာ ငွေကို လောဘတကြီး ရှာနေရုံနှင့်မပြီး။ အများကောင်းကျိုး၊ အလှူဒါနတွေလည်း လုပ်ပေးရဦးမှာ ပေ့ါ။ ရွာမရောက်တာလည်း အနှစ် (၂၀)။

သူ့ကားက အရီးသောင်းတို့ အိမ်သို့သာ ဦးတည်လျက်။

ဆောင်းတွင်းမို့ နေအဝင်စောလေရာ နှင်းမှုန်မှုန်၊ မြူမှုန်မှုန်နှင့် တောင်ခြေတောစပ်မှ ရွာက လေးဟာ အိပ်မက်တိုင်းပြည်တစ်ခုလို ထူးခြားလှပနေလေရာ။

သူ့ရင်ထဲ တစ်ခုခု ထူးခြားတော့မှာ မှန်း သိနေသလိုလို။

“လာဟေ့ … လူလေး … ဒီမှာ အရီး … အပေါ်ထပ်မှာ နေရာပြင်ထားတယ်။ ရေချိုးပြီး တန်းနားပေ့ါ။ ထမင်းစားဖို့ လည်း အပေါ်ပို့ပေးမယ်။ အောက်ထပ်မှာ အလှူကိစ္စတွေ၊ ဝေယျာဝစ္စ တွေနဲ့ ရှုပ်ပွနေတာ။ ဟဲ့ … မိပန်းနဲ့ မိယွန်း ဒီမှာ နင်တို့ ဦးလေးရဲ့ အိတ်တွေ အပေါ်ထပ် သယ်သွားပေးလိုက်”

ကားဝင်လာကတည်းက အရီးသောင်းရဲ့ ကြိုဆိုဧည့်ခံသံက စီစီညံ ညံ။ သူဌေးကားက အမြင့် စားမို့ ရွာကလူတွေအားလုံးလည်း ဝိုင်းကြည့်လို့ ။

ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာဆိုပေမယ့် ရွာထဲမှာ တော့ ကားစီးရလောက်အောင် မည်သူမျှ မချမ်းသာကြသေးပါ။ ဆိုင်ကယ်တွေ၊ ထော်လာဂျီတွေ၊ ခွန်ဒေါင်းတွေသာ ရှိနေကြတာ။

သည် တော့ သူဌေးကားကို ဝိုင်းကြည့်ကြတုန်းပေ့ါ။ ဗီဒီယိုထဲမှာ မြင်ဖူးသည့်ကားနှင့် အပြင် မှာ မျက်ဝါးထင်ထင် မြင်ရသည့်ကားဟာ မတူ

ဘူးလေ။

အရီးသောင်းရဲ့ အိမ်ဝိုင်းတစ်နေရာမှာ ကားရပ်ပြီးတော့ စည်သန်ါ ကားပေါ်မှ ဆင်းလိုက် သည် ။ သူ့တပည့်ကျော်နှစ်ယောက်က အထုပ်အပိုးတွေ ကူချပေးပြီးသည် နှင့် ကိုယ့်ရွာ၊ ကိုယ့်အိမ်သို့ ဒိုးကြတော့မည့်ပုံစံ ။

ရွာက ရည်းစားသည် တွေကိုလည်း ကြိုတင်ဖုန်းဆက်ထားကြပြီ လေ။ မနက်ဖြန် ပွဲအတူ ကြည့်ဖို့ ၊ ဒီနေ့ည ချိန်းတွေကြဖို့ ။

အရီးသောင်းကတော့ ဟိုလူ့ခေါ်၊ ဒီလူ့အော်နှင့် လောကွတ်တွေ ကျေနေလေဆဲ။

“လာ … လာ … လူလေး … ရွာလူကြီးတွေနဲ့ စကားနည်းနည်းပြော … ပြီးရင် ရေချိုး၊ ထမင်းစား၊ နား …. အရီးကတော့ ၃-၄ ရက်အကြိုက ကို အလှူအတွက် စီစဉ်နေရတာပဲ လူလေးရေ … လိုတာရှိလည်း ပြော … ဟဲ့ …ပန်းနုတို့ မိယွန်းတို့ … ရော့ … နင်တို့ ဦးလေးအိတ်တွေ အပေါ်ထပ် သွားထားလိုက် … ပြီးရင် ရေချိုးဖို့ စီစဉ်ပေးလိုက်ကြဦး”

အရီးသောင်းဟာ ငယ်ငယ်ကတည်းက အောင်သွယ်ဝါသနာပါသည့် အပျိုခေါင်းဆောင်ကြီး ဖြစ်ခဲ့တာမို့ ယခုလည်း စည်သန်ါ ရိပ်ဖမ်းသံဖမ်း ဖုန်းဆက်ထားကတည်းက သူ့မျက်စိထဲမှာ ဒီညီ အစ်မကို မြင်ပြီးသား။

အပြင်အဆင်၊ အခြယ်အသမရှိသည် မို့ ရွက်ကြမ်းရေကျို ရုပ်သာ သာလို့ ထင်ရပေမယ့် ဒီကလေးမနှစ်ယောက်ရဲ့ ရုပ်က အများ ထက် ထူးခြားမှန်း၊ အဆင်ပြေနေမှန်း အရီးသောင်းသိပါ သည် ။

သည် ညီအစ်မကိုလည်း စေတနာရှိတာမို့ နီးစပ်အောင် စလှော်နေတော့တာ။

စည်သင်္ခါ ရှာ့မိရှာ့ဖ၊ ဆွေမျိုးနီးစပ်တို့ နှင့် စကားစမြည်ပြောနေဆဲ ပန်းနုမေ သူဌေး၏ အိတ် နှင့် ဝန်စည်စလယ်ထုပ်တို့ ကို ယူလိုက်ပါသည် ။ ပန်းယွန်းမိုရ်ကတော့ ဖျက်မြင်းလေး။ အရီးသောင်း သိပ်ပြီး ဩဇာကိုက်လှတယ်မဟုတ်။ ယခုလည်း မကြားချင်ယောင်ဆောင်ပြီး ရှာက အပျိုမတွေနှင့် လက်ဖက်သုတ်ခွက်သာ လုန့်ိုက်ရင်း ကြက်သွန်းလှီးနေ၏။

ပန်းနုမေကတော့ အရီးသောင်းရဲ့ ဩဇာညောင်းသူ။ အရီးသောင်းက သေဆိုသေလိုက်မည့် သူ။ အရီးဟာ သူမတို့ အပေါ် အရမ်းကောင်းခဲ့သည် ။ အလုပ်သမားရယ်လို့ သဘောမထားဘဲ ဆွေမျိုး လို သဘောထားရှာတာ သူမသိပါသည် ။

ယခုလည်း အလှူမှာ ရှင်လောင်းလှည့်လျှင်ဝတ်ဖို့ အဝတ်အစားက အစ အရီးသောင်း ချုပ် ပေးတာ။ ရွှေတိုရွှေစပါ ဆင်မယ်လုပ်လို့ မနည်းတားထားရပါသည် ။ သူများ ပစ္စည်း ပျောက်သွား လျှင် မလျော်နိုင်ဘူးလေ။

အပေါ်ထပ်မှာ ပစ္စည်းတွေချ။ အိပ်ရာပြင်ပေးပြီးသည် နှင့် ပန်းနုမေလည်း လှစ်ခနဲ ပြေးတော့ တာ။

*

# အခန်း (၃)

မနက် (၇)နာရီမထိုးခင် ရှင်လောင်းလှည့်ဖို့ တန်းစီကြပြီ။ မှတ်တမ်းတင်ဗီဒီယိုတွေ ရိုက်ကြ သလို ဓာတ်ပုံတွေကလည်း တဖျပ်ဖျပ်ရိုက်လို့ ။

အရီးသောင်းအိမ်မှ စထွက်ပြီး ရွာထုံးစံအတိုင်း နတ်စင်ပြ၊ ရွာစဉ်လျှောက်လှည့်၊ နောက်ဆုံး မှ ရွာဦးကျောင်းသို့ဝင်။

မြင်းတွေ၊ ရွှေထီးတွေ ပြိုးပြိုးပြက်ပြက်နှင့် လှပခမ်းနားလွန်းသော မြန်မာ့ဓလေ့၊ မြန်မာ့ အလှူ။

အသံချဲ့စက်ကလည်း ဗြောသံဖွင့်လို့ ။ အိုးစည်ဗုံဝိုင်းတွေနှင့် ဦးရွှေရိုး၊ ဒေါ်မိုးအကတွေ ... တော်တော်ကို စည်ကားသိုက်မြိုက်လှပါသည် ။

အလှူရှင် ဦးစည်သန်းက သက်န်းပိုက်သည့်အခါ အလှူအစ်မ မရှိသည် မို့ ရွာသူအပျိုချောတို့ က အဆင်ပြေသလို ကိုင်ရသည် ။

ပန်းနုမေနှင့် ပန်းယွန်းမိုရ် ညီအစ်မဟာ ကွမ်းတောင်ပန်းတောင်တော့ မကိုင်ရ။ ရွာမှာ သူဌေး သမီးတွေ ရှိသေးသည် လေ။ မိစုံဖစုံတွေ ။

သူတို့ ညီအစ်မက သက်န်း၊ ပရိက္ခရာတွေ ကိုင်ရသည် ။ ပန်းနုမေတို့ ညီအစ်မကို အရီးသောင်း အပြတ်ဆင်ထားသဖြင့် အလှတွေက အံ့ဩစဖွယ် ထွက်ပြူနေရသည် ။

တစ်ခါမှ ဝတ်ကောင်းစားလှ မဝတ်ခဲ့ရဖူးသူလေးတွေမို့ ယခုလိုဝတ်လိုက်တော့ လူတောင်မှားရမလို။ အထူးတလည် ဝတ်ရရှာသည် တော့မ

ဟုတ်။

ချိတ်လုံချည်နှင့် ပိုးလက်ရှည် အင်္ကျီလေးတွေ။ ပန်းနုမေက ပန်းခရမ်းရောင်၊ ပန်းယွန်းမိုရ်က ပန်းနုရောင်။ ဆံပင်ရှည်လေးတွေကို လှလှလေးထုံးပြီး ဇွန်စံပယ်ကုံးတွေ အများကြီးပန်ထားသလို သနပ်ခါးဖွေးဖွေးက ပါးကွက်ကြားလေးတွေနှင့်။

သူများ တွေလို မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေ မထည့်။ သဘာဝ အလှစစ်စစ်တွေ ။ ရွှေဆိုလို့ လည်း ဘာမှ မဝတ်။ အရီးသောင်း ဆင်ပေမယ့် ကျပျောက်လျှင် လျော်စရာမရှိဟု ဆိုကာ မဝတ်ကြပါ။

ခါတိုင်း လယ်ထဲကိုင်းထဲဆင်းသလို မဟုတ်ဘဲ သနပ်ခါး လှလှလေးလိမ်းပြီး ဝတ်ကောင်း စားလှဝတ်ရုံနှင့် သူတို့ ညီအစ်မ၏ အလှက လင်းပွင့်သွား၏။

သင်္ကန်းပိုက်သည့် အလှူ့ရှင်ကြီးရဲ့ နောက်မှာ သင်္ကန်းတောင်းတွေ ပိုက်လို့ ။ ဇွန်စံပယ်တွေဝေ နေသည့် ညီအစ်မရဲ့ အလှက ဝင်းဝင်းပြက်ပြက်။

အခြားအပျိုတွေလို ရွှေမရှိ၊ ငွေမရှိ၊ မိတ်ကပ်မရှိ၊ နှုတ်ခမ်းနီမရှိ။ သို့သော် ပြေပြေပြစ်ပြစ်နှင့် လှနေတာလည်း ပန်းနုမေတို့ သာ။

နီနီ၊ ပြာပြာ၊ ဝါဝါတွေ မဖြစ်တာကပဲ တပန်းသာနေသလို။

ဒါကို အလှူ့ရှင် စည်သင်္ခါလည်း မြင်တာပါပဲ။ အရီးသောင်းအိမ်မှာ လက်(၆)ဖက်ပါသည့် နတ်သမီးလိုအလုပ်တွေ လုပ်နိုင်လွန်းသည့် ကောင်မလေး၊ ရုပ်ရည်လေး သနားကမား၊ ကိုယ်ခန္ဓာ ကလည်း တော၏ သမီးပျိုမို့ ခပ်တောင့်တောင့်။

သဇင်ခက်လို မန္တလေးပြောင်းပေမယ့် သစ်ခွလိုမာသည့် ကောင်မလေး။

သူ့မျက်စိထဲတော့ မတိုး သေး။ ဘာလိုမှန်းမသိ။

ဝါးပင်ထဲမှ ရသည့် ဝေဠုဝတီလို နားရွက်ပဲကြီးနေသလိုလို၊ ခြေတွေ ၊ လက်တွေကပဲ ကြီးနေ သလိုလို၊ ကြမ်းနေသလိုလို။

နောက် ရေခဲတုံးတစ်တုံးလို အေးလွန်းသည့်အနေအထား။ မိန်းမဖြ စ်ပြီး သည် လောက်အေး လွန်းတုံးလွန်းတော့လည်း ဘယ်လာလွန်း။

သူက ကဗျာဆန်သည် ပဲပြောပြော၊ နည်းနည်းတော့ ရင်ခုန်ကြည်နူး ချင်သေးသည် ။

အလုပ်ကြမ်းတွေ လုပ်ရလွန်းပေမယ့် သူမရုပ်က ဖြူတော့ဖြူစင်သ ည် ။ အဖြူထည်ရုပ်။ သူ့စိတ်ထဲ သူ့ရင်ဘတ်ထဲ သူမက တံခါးတောင် မ ခေါက်နိုင်သေး။

အဲ ... ဒီမနက်ကျမှ ဖွန်စံပယ်တွေ တထွေးကြီးနှင့် အလှတွေ ဖျတ်ခ နဲ ပွင့်လင်းသွားသည့် ပန်းနုမေကို သူမြင်မိတော့သည် ။ သူ့မျက်လုံးထဲ နည်းနည်းတော့ တိုးသွားပြီ။

အငယ်မလေးကတော့ ဂျမ်းတော။ စွာလည်း စွာလေမလားမသိ။ မ နူးညံ့တာတော့ အသေ အချာ။ စည်သ၏ ပန်းနုမေကို ပြက်ပြက်ထင်ထ င် မြင်မိပြီ။

ကိုယ်ကအဆင်ပြေလျှင် အိမ်ထောင်ရေးပါ စီစဉ်သွားမှာ မို့ သူ တော ကလုံမေတို့ ကို အကဲခတ် သည့်အကြည့်၊ သမာဓိအကြည့်နှင့် လျှောက်ကြည့်မိတာ ဝန်ခံပါသည် ။

သူမြင်မိတာ ပန်းနုမေတစ်ယောက်တည်း။ လူကြီးပေးစားလို့ ယူရမှာ ထက် ကိုယ်တိုင်လည်း ရင်ခုန်စေချင်သေးတာမို့ စည်သ၏ သူမ ၏ အနေအထားကို သိအောင်စုံစမ်းစစ်ဆေး စမ်းသပ်ကြည့် ရပါဦးမည်။

*

ဖိုက်စတားပြဖို့ ဇာတ်စင်ဆောက်ထားသည် က ဘုန်းကြီးကျောင်းထဲမှာ ။

ကျောင်းကနေရာလည်း ကျယ်ဝန်းသည် ။ နောက် … ဆရာတော်ကိုလည်း ကြောက်ရသဖြင့် ကာလသမီး၊ ကာလသားထိန်းပြီးလည်း ဖြစ်ရော။

အနီးအနားရွာတွေကပါ အုတ်အုတ်ကျက်ကျက်။ ဆိုင်ကယ်တွေ၊ ထော်လာဂျီတွေ … လှည်း ခေတ်၊ လှေခေတ် မဟုတ်တော့ပေမယ့် စီးတော်ယာဉ်အမျိုးမျိုးနှင့် ရောက်လာလိုက်ကြတာ။

ပွဲဈေးတန်းနှင့် ဘာနှင့်။ စည်သစ်ါ အိမ်အပေါ်ထပ်မှ ရပ်ပြီး ရွာထဲလမ်းကို ကြည့်နေမိ၏။ ပျော်ရွှင်စရာ ရွာခလေ့ပါပဲ။

အရီးသောင်း အိမ်ထဲမှာ လည်း အလှူလက်စသတ်၊ သိမ်းဆည်းနေကြသူတွေ နည်းနည်းပါး ပါးရှိသေး၏။ အဓိက,ကတော့ ဟိုညီအစ်မနေမှာ ပေါ့။ အိမ်သားတွေတောင် ပွဲခင်းထဲရောက်နေလေ ပြီလားမသိ။

စည်သစ်ါ နည်းနည်းနေမကောင်းချင်လို့ အိမ်မှာ ကျန်ခဲ့တာပါ။ သူအပေါ်ထပ်မှ အောက်သို့ ဆင်းလာတော့ ပန်းနုမေ တစ်ယောက်တည်း အိမ်သိမ်းနေတာ တွေ့ရသည် ။

သူ့အနားသို့ လျှောက်သွားတော့ ကောင်မလေးက တရိုတသေ တလေးတစားနှင့် …

“ဦးလေး … ဘာအလိုရှိပါသလဲရှင်။ ကျွန်မ ဘာလုပ်ပေးရပါမလဲ”

“မင်းက ဘာဖြစ်လို့ ပွဲသွားမကြည့်တာလဲ။ ဖိုက်စတား မကြိုက်ဘူးလား”

“ကြိုက်ပါတယ် ... ဒါပေမဲ့ အရီးက ဦးလေးလိုအပ်တာ လုပ်ပေးဖို့ ခိုင်းထားခဲ့လို့ ပါ”

“ဩော် ... ဒီလိုကိုး ... နေပါဦး ... မင်းကရော အရီးသောင်းကို ဘာဖြစ်လို့ သေလုမတတ် ကြောက်နေရတာလဲ”

“သေလုမတတ်ကြောက်တာ မဟုတ်ပါဘူး။ အရီးက စိတ်ကောင်းရှိပါတယ်။ ကျွန်မတို့ ညီအစ်မကို စောင့်ရှောက်တယ်”

“မင်းတို့ မိဘတွေရော မရှိကြလို့ လား”

“အဖေပဲရှိတော့တယ်။ အဖေက ဟို ... အရက် ...”

“သိပြီ ... အမေကရော”

“အမေဆုံးတာ (၅)နှစ်လောက်ရှိပါပြီ။ မိထွေး ရှိပါတယ်။ သူတို့ ကိုလုပ်ကျွေးနေပါတယ်။”

“ဩော် ... အေး ... ကဲ ... အခု ... ငါ ပွဲထဲလိုက်သွားချင်တယ်။ အိမ်ကို ဒီအတိုင်း ထားခဲ့လို့ ရလား”

“ကျွန်မတို့ ရွာမှာ သူခိုးသူဝှက် မရှိလှပါဘူး။ အိမ်မှာ အဘပြားလည်း ရှိပါသေးတယ်။”

“အေး ... ဒါဆို ငါ့ကို လိုက်ပို့”

“ဟုတ် ... ဟုတ်ကဲ့ ... ဟိုကျ ... အရီးတို့ နဲ့ တွေ့မှာ ”

“အေးပါ ... ကဲ ... အနွေးထည်လေးဘာလေး ဝတ်၊ ကွင်းပြင်ကြီးထဲ နှင်းတွေကျ၊ လေက တိုက်နဲ့ အေးမှာ သေချာတယ်။”

ကောင်မလေးဝတ်ထားတာ ပင်နီချောအင်္ကျီလက်စကလေးနှင့် ချည်ထည်အနီရောင် မန် ကျည်းစေ့ကွက် လုံချည်။

သူမက ခပ်တွေတွေ။

သူကတော့ ဂျာကင်နှင့်၊ ခေါင်းစွပ်နှင့်၊ မာဖလာနှင့်၊ မြို့သားမို့ အကျအန။

"ဟော့ ... အနွေးထည်ယူလေ"

"စောင်ယူခဲ့မယ် ... ကျွန်မမှာ အနွေးထည်မရှိဘူး"

"ဟေ"

အနွေးထည်လေး တစ်ထည်တောင် မရှိသည့်ကောင်မလေးကို သူအံ့သြပြီးမှ အောက်ခြေလူ တန်းစားတို့ ၏ ဘဝကို သူသွားပြီး ထဲထဲဝင်ဝင် သိလိုက်ရသည် ။

ဖိုးစော်ကဲလေ ...

တဲတစ်ဖက် ဆွဲဖျက်ကာ ...

အရင်လိုရော့ထင့်။

ကရင်အို ယာပြင်ကြီးမှာ မီးထည့်လို့ လှုံ ...

ချမ်းလွန်းလို့ တဲတောင်ဖျက်ပြီး မီးလှုံရတဲ့ ဆင်းရဲသား နင်းပြားဘဝတွေ။

သူမက သူမခြုံနေကျ စောင်အစုတ်လေးကို သွားယူနေတော့ သူ ကိုယ့်ဂျာကင်တစ်ထည်ကို သွားယူလိုက်ရသည် ။

"မင်းစောင်ကြီး ထားခဲ့လိုက်စမ်းပါ။ ရော့ ... ဒါဝတ်။ ခေါင်းစွပ်ပါ ... ပါတယ်"

“ဟို .. အား … အားနာ”

“ရတယ် … ဒါလည်း အလှူတစ်ခုပေါ့။ ကဲ … လာ … သွားကြစို့”

“နေဦး … အဘပြားကို သွားခေါ်လိုက်ဦးမယ်။ သူက နွားတင်းကုပ်ထဲမှာ နေတာ”

“အေး … မြန်မြန်ခေါ် … ပွဲမမီဘဲနေဦးမယ်”

ပန်းနုမေ အဘပြားကို သွားခေါ် လာပြီးနောက် သူတို့ နှစ်ယောက် ရွာထိပ်မှ ဘုန်းကြီး ကျောင်းဆီသို့ လျှောက်လှမ်းခဲ့ကြပါသည် ။

ကောင်မလေးဟာ တကယ့်တောစံပယ်အရိုင်းလေးမို့ သူနှင့် လိုက်လျောညီထွေ ပေါ့ပေါ့ပါးပါး မရှိလှပါ။

စကားပြောရတာ အိုးနင်းခွက်နင်း။ ကြည့်ပါ။

“မင်းနာမည် ပန်းနုမေနော်”

“ဟုတ် .. ဟုတ်ကဲ့ပါ … ဦးလေး”

“ဟာ … ငါ့ကို ဦးလေးတော့ မခေါ်နဲ့ ။ နားထဲ တွန့်ခနဲ တွန့်ခနဲပဲ။ မင်းအသက် ၂၀ ပြည့်ပြီ မဟုတ်လား”

“ဟုတ် ပြည့်ပါပြီ”

“အေး … ငါက သုံးဆယ့်ငါး … ဒါပေမဲ့ တို့ အရွယ်တွေက ဦးလေး၊ တူမအရွယ် မဟုတ် သေးပါဘူး”

“ဟုတ် … ဟုတ်ကဲ့ … လေးစားသမှုနဲ့ ပါ”

“အဲလောက်ကြီး မလေးစားပါနဲ့ ။ နည်းနည်းတော့ လျှော့ပါဦး။ ကိုယ့်ပုံက ဒီလောက်ကြီး လည်း အိုစနာကျမနေပါဘူးနော်”

"မအိုပါဘူး … ကျွန်မ …"

ခေါင်းသာတွင် တွင် ငုံ့ပြီး လျှောက်နေပေမယ့် ပန်းနုမေ ဘာကိုမှ မြင်တာလည်း မဟုတ်။ အရုက်တွေ လွန်နေမိတာ ဘာကြောင့်မသိ။ သူဟာ ကိုယ်နဲ့ ရွယ်တူလေးလည်း မဟုတ်ဘဲ။

"မင်း မအိုတာ သိပါတယ်။ ကိုယ်က အိုပြီလား"

"မအိုပါဘူးရှင်"

"ဟုတ်ပြီ … ဒါဆို ကိုယ့်ကို အစ်ကိုကြီးလောက်တော့ ခေါ်ပေ့ါ"

"အာ … သူဌေးမင်းကလည်း "

ပန်းနုမေ၏ စကားကြောင့် သူ ကိုယ့်နဖူးကိုယ်ရိုက်ပြီး အိုက်တင်ပိုပို ။

"အမလေးဗျာ … ပြောလေဆိုးလေပါလား။ သူဌေးမင်းဆိုတော့ ဇာတ်ထဲက သူဌေးမင်းလုပ် စားတဲ့ ဗီလိန်ကြီးတွေ သွားပြီးမြင်ယောင်တယ်"

"အစ်ကိုကြီးလောက်တော့ လုပ်ပါကွာ …နော်"

သူတို့ သွားရမယ့် ရွာဦးဘုန်းကြီးကျောင်းက အဝေးသား။ မိနစ်(၂၀)လောက် လျှောက်ရ မည်ထင်ရဲ့ ။ လမ်းမှာ ကောင်မလေး၏ စိတ်နေစိတ်ထား၊ ကိုယ်ရည်ကိုယ်သွေး၊ အညှာလွယ်မလွယ် တွေကို သူ စမ်းသပ်ကြည့်နေတာပါ။

သူမရဲ့ နှလုံးသားကို စမ်းသပ်ကြည့်နေတာ။ ကိုယ့်နှလုံးသားကတော့ ရှာရန်ရာနှုန်း ၈၀။

"ဦးလေးက မနက်ဖြန်ပြန်မှာ လေ။ ကျွန်မဘယ်လိုခေါ်ခေါ်

မခေါ်ခေါ် နောက်တွေ့ကြတော့ မှာ မှ မဟုတ်ဘဲ။ ပြီးရောလေ။”

“ဘဝဆိုတာ ဘယ်အပြတ်ပြောလို့ ရမလဲ။ သံသရာဆိုတာလည်း အရှည်ကြီးလေ။ ရေစက်တို့ ၊ ဖူးစာတို့ ရော ကြားဖူးလား”

“ဟုတ် .. ဟုတ်ကဲ့ ... ကြားဖူးပါတယ်”

“ကြားဖူးရင် မဆိုးပါဘူး။ ကျောင်းရော နေဖူးလား။ စာတော့ တတ်ပါတယ်နော်”

သူ့မေးခွန်းက တင်တင်စီးစီး။ သို့သော် ပန်းနုမေ စိတ်မဆိုးတော့ပါ။ ဘဝမှာ ကဲကဲမဆတ် နိုင်ရတာကြာပါပြီ။

ခြေသုတ်ပုဆိုး၊ မြေစွယ်ကျိုးဆိုတာလို ဘဝက ဇာတိ၊ ပုည၊ ဂုဏ်၊ မာနတွေမထားနိုင်သည့် ဘဝ။

တန်ဖိုးရှိတာဆိုလို့ နာမည်လေးတွေ။ မေမေ ပေးခဲ့ဖူးသည့် နာမည်လေးတွေပဲရှိတာ။

“တတ်ပါတယ်။ ရွာကျောင်းမှာ (၈)တန်းထိ အောင်ခဲ့ပါတယ်”

“ဘာလို့ ဆက်မတက်သလဲ”

“အဲဒီတုန်းက ရွာကျောင်းမှာ (၈)တန်းထိပဲရှိတယ်။ မိယွန်းလက်ထက်ကျမှ (၁၀)တန်းထိ ရှိတာ။ အတန်းရှိလည်း ကျောင်းမနေနိုင်ပါဘူးလေ။ မေမေ ဆုံးသွားခဲ့တာကိုး”

“(၈) တန်းအောင်လည်း မဆိုးပါဘူး။ လောကအကြောင်း ဘဝအကြောင်း သိချင်ရင်တော့ စာဖတ်၊ အင်တာနက်ကြည့်ပေါ့”

“မအားပါဘူးရှင် ... တစ်နေ့တစ်နေ့ အလုပ်နဲ့ လက် မပြတ်ရပါဘူး”

“ရတဲ့ ပိုက်ဆံ အိမ်ပေးရတာလား”

“ဟုတ်တယ်”

အသံတွေ တိတ်သွားကြပြီး နှစ်ယောက်သား ဘုန်းကြီးကျောင်းနား ထိ ရောက်လာကြတော့ ပွဲခင်းမှ အသံတွေက အုတ်အုတ်ကျက်ကျက်။

နှစ်ယောက်အတူ ယှဉ်လျှောက်နေသည် ဆိုတာလည်း ကောင်မ လေးက အိုးနင်းခွက်နင်း။ သူကသာ နောက်မှ ထက်ကြပ်မကွာ လိုက် နေရတာ။

“ပန်းနု … ရန်ကုန်ရောက်ဖူးလား”

“မရောက်ဖူးပါဘူးရှင်”

“လိုက်မလား”

“ရှင်”

“ဩော် ရောက်ဖူးအောင် လိုက်ခဲ့ပါလားလို့ ။ ကိုယ် နေရာစုံလိုက်ပို့ ပေးမှာ ပေ့ါ”

“မအားပါဘူးရှင် … ကျွန်မတို့ က တစ်နေ့လုပ်မှ တစ်နေ့စားကြရတဲ့ ဘဝတွေပါ”

“အရီးကျွေးထားတာ မဟုတ်ဘူး လား”

“အလုပ်တွေလုပ်ပေးလို့ ကျွေးတာပေ့ါ။ အလုပ်မလုပ်ရင် အစားဘ ယ်ရှိမလဲ”

“ဩော် … ဒါဆို ပန်းနု လူဖြစ်နေတာ အစားစားဖို့ က အဓိကပေ့ါ .. ဟုတ်လား”

“ရှင်”

သူ့စကားက မြင့်နေလို့ လားမသိ။ ပန်းနုမေ ငေးခနဲ။

သူမတို့ ဆင်းရဲသားတွေရဲ့ ဘဝပန်းတိုင်က ဘာလဲ။

တစ်နေ့ ထမင်းနှစ်နပ်စားပြီး သေခြင်းဟူသည့် မှတ်တိုင်သို့ အလုအယက် သွားနေကြတာ လား။ သူမ မဖြေတတ်တော့ပါ။ ရင်ထဲမှာ တော့ ဝမ်းနည်းလှိုက်ဟာလာမိသလို။

ငါတို့ တွေဟာ သိုးအုပ်တွေလိုပါပဲ။ အုပ်စုလိုက်နေရင်းကနေ သေခြင်းတရားမှတ်တိုင်ဆီ သွား နေကြရတာ။

သူမမြင်နေရသည့် အောက်ခြေလူတန်းစား တောင်သူလယ်သမား၊ နင်းပြားတွေရဲ့ ဘဝက တော့ ...

အစိုးရပေးသည် ဘဏ်ငွေလေးထုတ်ပြီး ကွေ့းဆပ်လိုက်ကြ၊ စိုက်စရိတ်၊ ပျိုးစရိတ်လိုတော့ အပြင်က ကြွေးရှင်တွေဆီမှာ ငွေချေးလိုက်ကြ၊ သီးနှံကောင်းကောင်း မွန်မွန်ထွက်လျှင် ကြွေးတွေ အဆင်ပြေပြီး ...

ပိုးဖျက်၊ မိုးဖျက်၊ ကြွက်ဖျက်လျှင်တော့ ဒီလိုပဲ လယ်ပေါင်၊ ယာပေါင်၊ နွားပေါင်နှင့် သံသရာ တစ်ကြောမှာ ဒုတ်စလိုက် ဗလပျစ်နှင့် မျောပရော့။

ဒါဟာပဲ ဘဝတဲ့ လား။

အဆင်ပြေသူ အနည်းစုကတော့ ဆိုင်ကယ် ဝယ်စီးကြ၊ ခွန်ဒေါင်းတွေ ဝယ်ကြ။

"ဖြေလေ ... ထမင်းစားရမယ်ဆိုရင် ဘယ်အရပ်မှာ နေရနေရ ဟုတ်တယ်မလား"

"ဒီလိုလည်း မဟုတ်ပါဘူးရှင် ... ကိုယ့်အရပ် ကိုယ့်ဒေသမှာ ပဲ လုံလုံခြုံခြုံ အေးအေးချမ်း ချမ်းနဲ့ ဘဝကို ဖြတ်ကျော်ချင်တာပါ။"

“ဒါကြောင့် တို့ မြန်မာတွေ မကြီးပွားကြတာ”

“ရှင်”

“ကိုယ့်နေရပ်ကိုပဲ အသေဆုပ်တွယ်ထားချင်ကြတယ်”

“ကြောက်တတ်ရင် ဝန်ကင်းတာပေါ့ရှင်”

“ကြောက်တတ်မှ နှစ်ခါသေတာကွ”

နှစ်ယောက်သား စကားနိုင်လုကြရင်းနှင့်ပင် ပွဲခင်းထဲသို့ ရောက်ရှိသွားကြသည် ။ ပွဲခင်းက ထင်ထားတာထက် ပိုပြီး လူစည်ကားပါသည် ။ လူဆိုတာ ဘယ်နှရွာကတောင် လာကြသည် မသိ။

စည်သန်ါ ပွဲကြည့်ဖို့ လည်း စိတ်မကူးပါ။ ဒီလိုပဲ ဟိုလျှောက်သည် လျှောက်။ ဟိုတိုးသည် တိုးရုံ။

ပွဲခင်းထဲရောက်လာတော့ လူတွေ ကြိတ်ကြိတ်တိုးနေသဖြင့် သူ ပန်းနုမေကို ကိုယ့်ရင်ခွင်ရှေ့ သို့ ပို့ရသည် ။ လူတွေ တိုးနေပြီလေ။

“ခဏကြည့်ပြီး ပြန်မယ်နော်”

“ဟုတ်ကဲ့”

ပွဲခင်းရှေ့အစွန်မှာ ခေတ္တရပ်ပြီး သူတို့ နှစ်ယောက် ပွဲခဏ ကြည့်ကြသည် ။

တစ်နာရီလောက်ကြာတော့ သူရပ်ရတာ ညောင်းလာပေပြီ။

“ပြန်ကြစို့”

“ဟုတ်ကဲ့ပါ”

တကယ်ကို သူသေဆိုသေ၊ ရှင်ဆိုရှင်နေသည့် ကောင်မလေးအား ရ

င်ခွင်ရှေ့မှာ ထားပြီး သူတို့ မနည်းဘဲ တိုးထွက်ခဲ့ရပါသည် ။

*